**(၉-၁၀-၂၀၂၀) မှ (၁၅-၁၀-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ )**

**ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း**

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့်နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၂ ဒသမ ၉၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ နီပေါ၊ ရုရှား၊ အန်ဒိုရာ၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဘရာဇီး၊ ဟန်ဂေရီ၊ အိုက်စလန်၊ ဂျော်ဒန်၊ မိုနာကို၊ ကာတာနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၂ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ခရိုအေး ရှား၊ ဂရိ၊ ဇင်ဘာဘွေ၊ အိုင်ယာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဒိန်းမတ်နှင့် ဂျာမနီ စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မလေးရှားနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့်

နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည့် အီကွေဒေါ(Ecuador) နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၄ ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ အန်ဒိုရာ၊ ဘာဘေဒို၊ ဘရာဇီး၊ အိုင်ယာလန်၊ ဂျော်ဒန်၊ ပီရူး၊ ကာတာနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ အီတလီ၊ မက္ကဆီကို၊ ဂရိ၊ ပိုလန်၊ ဆွစ်ဇာလန်၊ ဂွာမနီနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး မလေးရှားနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၅ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါ သည်။ **အာဆီယံနိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၃ | ၀.၄၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၂ | ၀.၆၇ |
| ၃ | ထိုင်း | လီတာ | ၀.၉၅ | ၀.၇၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၆ | ၀.၄၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၄ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၀ | ၀.၄၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၆၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၇ | ၀.၆၃ |
| ၉ | လာအို | လီတာ | ၀.၉၄ | ၀.၇၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၃ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၇ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းအနည်းဆုံး/ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၆ |
| ၂ | အီရန် | လီတာ | ၀.၀၅ | နယ်သာလန် | လီတာ | ၁.၈၅ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | မိုနာကို | လီတာ | ၁.၇၃ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၅ | ဒိန်းမတ် | လီတာ | ၁.၇၁ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဖင်လန် | လီတာ | ၁.၆၉ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၀ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၁ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | အစ္စရေး | လီတာ | ၁.၅၉ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၁ | ဆွီဒင် | လီတာ | ၁.၅၉ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | မိုနာကို | လီတာ | ၁.၅၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၈ | ၀.၇၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၄ | ၁.၀၁ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၉.၁၀.၂၀၂၀ | စည် | ၄၀.၆၀ |
| ၂ | ၁၂.၁၀.၂၀၂၀ | စည် | ၄၀.၆၀ |
| ၃ | ၁၃.၁၀.၂၀၂၀ | စည် | ၄၀.၂၀ |
| ၄ | ၁၄.၁၀.၂၀၂၀ | စည် | ၄၁.၀၄ |
| ၅ | ၁၅.၁၀.၂၀၂၀ | စည် | ၄၀.၉၆ |

**source : http://www.oil-price.net/**

၂၀၂၀ ပြည့်နှစ် သြဂုတ် ၁၇ ရက်မှ အောက်တိုဘာ ၁၂ ရက်ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်း စက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ အောက်တိုဘာ ၁၅ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၅၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၅၅ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၅၆၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၁၀၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၉၄၇ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၆၇၇ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၂၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၇၉၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၂၄၇၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၄၀၇ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၂၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၄၅၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။